မောင်ညိုဖြိုင်း (သန်လျင်)

# နတ်မျက်စိမောင်စုန်

အ၀ါအ၀င်

## ဂမ္ဘီရဆန်းကြယ်ဝတ္ထုတိုများ





# နတ်မျက်စိမောင်စုန်

ကိုမောင်စုန်ကြီးကို အဲဒီ လောက်ကြီး စွမ်းလိမ့်၊ သိလိမ့်၊ နားလည်ဟောပြောနိုင်လိမ့်မယ်လို့ ကျွန်တော် လုံးဝမထင်ထားဘူးဗျာ။

ကျွန်တော်တို့ သာ မဟုတ်ဘူး ။ တစ်ရပ်ကွက်လုံး၊ တစ်မြို့လုံး၊ တစ်ဆွေမျိုးလုံးကကို လုံးဝ မထင်ထားတာ။ ဘယ်တုန်းကမှ သူ့ကို အထင်မကြီးဘူး။ မလေးစားကြဘူး။

အခု ကြည့်စမ်း။

သူ့ကြိုတင်ဟောချက်၊ ပြောချက်တွေ မှန်လွန်းလို့ အမည်သစ်တစ်မျိုးတောင် ပေးလိုက်ကြ ရဲ့ ။

နတ်မျက်စိမောင်စုန်တဲ့ ခင်ဗျား။

* * *

သူ့အကြောင်းကို သိချင်နေကြပြီပေါ့လေ။ ပြောရမှာ ပေါ့ဗျာ။ ဒီအဖြစ်ဆန်းမျိုးက မပြောရင် မဖြစ်ဘူးလေဗျာ။

သူ့နာမည်က ကိုစုန်။

အချို့က သူ့ကို ကိုမောင်စုန်လို့ ခေါ်လားခေါ်ရဲ့ ။

ဦးစုန်လို့ လည်း ကလေးများက ခေါ်ကြရဲ့ ။

သူငယ်ချင်းအသိများက ငစုန်လို့ ခေါ်ရဲ့ ။

လူကြီးသူမများက မောင်စုန်လို့ ခေါ်ရဲ့ ။

ကိုစုန်က စာပေပညာ သိပ်မတတ်ပါဘူးဗျာ။ ဘုန်းကြီးကျောင်းသား လုပ်နေရတာ ။ ဆွေမရှိ မျိုးမရှိ တစ်ကောင်ကြွက်ခင်ဗျ။ တာဝတိံသာဘုန်းကြီးကျောင်းက ဘုန်းတော်ကြီးဦးသက်ရှည်ရဲ့ မွေးစားသားလို့ အများက ခေါ်ကြသပေ့ါ။

တစ်နေ့ ဘုန်းကြီးဦးသက်ရှည် နယ်မြို့တစ်မြို့ကို ကြွသွားရင်း တွေ့ခဲ့ရတာ ။ သောင်းကျန်း သူလက်ချက်နဲ့ သေကုန်ပြီ။

မောင်စုန်လည်း ကံကောင်းလို့ မသေတာရယ်။

သူ့လည်း သောင်းကျန်းသူများက သေနတ်နဲ့ ပစ်သတ်ခဲ့တာ။ မသတ်ခင် ကန်ကျောက်ရိုက် နှက်လို့ ဘယ်ဘက်မျက်လုံး မရှိတော့ဘူး။ ဝမ်းဗိုက်မှာ ကျည်ဆန်ဝင်ရာတစ်ချက်နဲ့ မိဘများ အလောင်းအနီး မှောက်လျက်လဲနေတာ။

ရဲနဲ့ စစ်တပ်ရောက် လာပြီး စစ်ဆေးလိုက်တော့ မောင်စုန်ကလွဲပြီး ကျန်လူဆယ့်သုံးယောက် အသက်မရှိတော့ဘူး။

အဲဒါ ဆေးရုံမှာ ဆေးကုပေးလို့ အနာဒဏ်ရာပျောက်ခဲ့ပေမင့် ကြောက်လန့်စိတ်နဲ့ တစ်ချက် တစ်ချက် ထထအော်နေရှာတယ်။

ဘုန်းတော်ကြီးဦးသက်ရှည်ရောက်သွားတော့ ရွာသူရွာသားများက အထီးကျန်မောင်စုန်ကို ခေါ်သွားဖို့ တိုက်တွန်းလျှောက်ထားကြရော။ အဲဒီ တုန်းက မောင်စုန်က လူပျိုပေါက်လေး။

ရုပ်ရည်သနားကမား။ အသားဖြူဖြူလေး။ မျက်လုံးတစ်လုံးပဲကောင်းရှာတယ်။ ဘုန်းကြီးကို လည်း အားကိုးရှာတယ်။ အနားကကို မခွာဘူး။

“မောင်စုန်”

“ဘုရား”

“ငါပြန်ကြွရင် လိုက်မှာ လား”

“မှန်..မှန်ပါ...ဘုရား”

“ဘာလို့ လိုက်ချင်ရတာ တုံး။ ကိုယ့်ရပ်ကိုယ့်ရွာမှာ မပျော်ဘူးလား”

“ကြောက်..ကြောက်လို့ ပါဘုရား”

“ဟဲ့...ဘယ်သူ့ကိုကြောက်တာတုံး မောင်စုန်ရဲ့ ”

“လူ...လူဆိုးဓားပြတွေကိုပါဘုရား”

“သူတို့ မရှိတော့ပါဘူးကွာ။ အစိုးရတိုက်လို့ ပြေးပြီဥစ္စာ”

“ကြောက်...ကြောက်နေသေးတယ်ဘုရား”

“ဘယ်သူ့ကို ထပ်ကြောက်နေတာတုံးဟဲ့ ငစုန်ရဲ့ ”

“အမေနဲ့ အဖေကိုဘုရား”

“ဟော...မင်းအဖေနဲ့ အမေက မသမာသူလက်ချက်နဲ့ သေပြီလေကွာ”

“မ...မသေသေးဘူးဘုရား။ ညညကျရင် တပည့်တော်အနားကို ရောက်ရောက် လာပြီး လှုပ် လှုပ်နှိုးနေတယ် ဘုရား”

“ဟော”

“ဟယ်”

“အလိုလေး”

“ဟုတ်ရဲ့ လား မောင်စုန်”

“ဟုတ်မှ လည်း လုပ်ပါ မောင်စုန်ရယ်”

“အမှန်ပြောတာပါဘုရား။ တပည့်တော်တောင် မနေရဲဘူး”

“အင်း...အစွဲအလမ်း...အစွဲအလမ်း...သံယောဇဉ်အစွဲအလမ်း။ သူတို့ ဒီသားအစွဲနဲ့ မကျွတ် မလွတ်ဘဝ ရောက်နေကြပြီ တူရဲ့ လေ”

ဘုန်းတော်ကြီးဦးသက်ရှည်က ဘုရားသားတော်ပီပီ ဓမ္မတရားသံဝေဂအသိနဲ့ သို့ကလို ကောက်ချက်ချပြီး ကြောက်လန့်လို့ အူတူတူကြောင်ငန်းငန်းဖြစ်နေတဲ့ မောင်စုန်ကို စိုက်ကြည့်ရင်း က...

“မောင်စုန်”

“ခင်ဗျာ..အဲ..အဲ..ဘုရား...”

“ငါနဲ့ လိုက်ခဲ့ရင် ဘုန်းကြီးကျောင်းသား လုပ်ရမှာ နော်”

“လုပ်ပါ့မယ်ဘုရား”

“မနက်တိုင်း ဆွမ်းခံလိုက်ရမယ်”

“လိုက်ပါ့မယ်ဘုရား”

“ရေခပ်၊ ထင်းခွဲလုပ်ရမယ်”

“လုပ်မယ်ဘုရား”

“အမှိုက်လှဲရမယ်။ ကုဋီသန့်ရှင်းရေး လုပ်ရမှာ ”

“နေ့တိုင်းလုပ်ပါ့မယ်ဘုရား”

“စာသင်ရမယ်”

“သင်မယ်ဘုရား”

“ရန်မဖြစ်ရဘူး”

“မဖြစ်ပါဘူး ဘုရား”

“ဘုရား နေ့တိုင်း ရှိခိုးရမယ်”

“စိတ်ချပါဘုရား”

“ကိုင်း…ဒါဖြင့် ငါပြန်ကြွရင် တစ်ပါတည်းလိုက်ခဲ့”

မောင်စုန် အရမ်းဝမ်းသာသွားသလို သူ့ဝန်းကျင်က လူများ လည်း ထပ်တူဝမ်းသာသွားကြ လေရဲ့ ။

* * *

ဒီလိုနဲ့ မောင်စုန် တာဝတိံသာဘုန်းကြီးကျောင်းမှာ ဘုန်းကြီးကျောင်းသားဖြစ် လာပြီ။ ဘုန်းကြီးကျောင်းရဲ့ ဝေယျာဝစ္စမှန်သမျှကပို မညည်းမညူ လုပ်ရှာတယ်။ ဘုန်းကြီးကျောင်းစာ လည်း သင်ပေးလို့ ရေးတတ်၊ ဖတ်တတ်ပြီ။

ဘုန်းကြီးကျောင်းသားဘဝတူများ ရဲ့ အနှွံအတာကိုလည်း ခံရှာတယ်။

အချို့က တစ်ဖက်လပ်မောင်စုန်လို့ ခေါ်ဝေါ်နောက်ပြောင်လည်း လုံးဝစိတ်မဆိုးဘူး။ အ ကန်းပြောလည်း ရန်မလုပ်ဘူး။

ဒီလိုနဲ့ စားကောင်းသောက်ကောင်း မနက်၊ ည စားရလို့ ထင့်။ မောင်စုန် ကျန်မာရေးပြည့်ဖြိုး လာခဲ့တယ်။

အချိန်ရရင် ရပ်ကွက်ထဲက အိမ်များမှ ရေခပ်၊ ထင်းခွဲ၊ ခြံသန့်ရှင်းရေး လုပ်လုပ်ပေးလို့ အပို ဝင်ငွေလေးလည်း ရ လာလေရဲ့ ။

ဒီ မှာ မောင်စုန်ကို အရေးတယူခိုင်းလေ့ရှိတာက ဘက်ထရီမီးအိုး လုပ်ငန်းရှင် ဦးသြဘာညွှန့် နဲ့ သူ့သမီး ရွှန်းရွှန်းတို့ သားအဖပဲဗျ။

လျှပ်စစ်မီးမရှိတဲ့ အိမ်များကို ဦးသြဘာညွှန့်က ဘက်ထရီအားသွင်း အိုးများ နေ့စား၊ လစား ဖြန့်သကိုး။

အဲဒီ မှာ မောင်စုန်က အချိန်ပိုင်းလေး ဝင်လုပ်ရတယ်။ ရွှန်းရွှန်းက လည်း မျက်စိတစ်လုံးမရှိ ပေမယ့် အသားဖြူဖြူ၊ ချောချော ဘုန်းကြီးကျောင်းသား မောင်စုန်ကို သနားတယ်။ ကရုဏာပိုရှာ တယ်။

ဟိုနား၊ ဒီနား ဈေးသွားရင် ဆွဲခြင်းကိုင် အဖော်ခေါ်ခေါ်သွားတတ်တ ယ်။ ပြောရရင် ရွှန်းရွှန်း က မျက်နှာများ တယ်။ ပိုက်ဆံကလည်း သုံးဖြုံး နိုင်၊ ရုပ်ရည်ကလည်း ချော၊ ကိုယ်လုံးကိုယ်ပေါက် လည်း နုစိုအိဝင်းနေ တော့ သူမကိုကြိုက်သူ၊ ချစ်သူများ တာ အဆန်းပါဘူး။

ကျွန်တော်တို့ က မောင်စုန်နဲ့ ရင်းနှီးတော့ ဆုံရင် မေးရော။

"မောင်စုန်"

"ဘာတုံး ကိုမှိုင်း"

"မင်းနဲ့ ရွှန်းရွှန်း ဖြစ်နေလား"

"ဘာဖြစ်လို့ လဲ"

"မင်းကလည်း တုံးပ့ါ မောင်စုန်ရာ"

"ဖြစ်တယ်ဆိုတာ ဘာကိုပြောမှန်းမ မသိတာဗျာ"

"မင်းနဲ့ ရွှန်းရွှန်း ချစ်နေ၊ ကြိုက်နေလားလို့ မေးတာဟ ဘုန်းကြီးကျောင်းသားရ။ တုံးပ့ါကွာ.."

"ဟာ...ကြံကြီးစည်ရာဗျာ"

အဲဒီ လိုမေးရင် သင်းက ရှက်လွန်းလို့ ။

"မင်းကို သွားလေရာ ခေါ်နေတာကကောကွ၊ ချစ်လို့ မဟုတ်ဘူး လား"

"ဟုတ်ပါဘူးဗျာ။ သူ့မှာ ရည်းစားတွေ အများကြီးဗျ"

"ဘယ်သူတွေတုံးကွ၊ လုပ်ပါဦး မောင်စုန်ရ"

"ကောလိပ်ကျောင်းသား စိုးမြရွှေ"

"ပြီးတော့ကော..."

"အင်ဂျင်နီယာ ကိုချစ်ဝင်းမြင့်"

"ပြီးတော့ကော...."

"ကားပွဲစား ကိုဘတင့်"

"ဒါပဲလားဟ"

"ကျုပ်သိတာ ဒါပဲဗျ"

"သူတို့ ဘယ်မှာ ချိန်းတွေ့ကြတာတုံး မောင်စုန်ရ"

"မသိပါဘူးဗျာ"

အဲဒီ လောက်ပဲ မေးလို့ ရတယ်။ ဒ့ါအပြင် ပိုမေးလို့ မရဘူး။

"မောင်စုန်..."

"ဘာတုံးဗျ"

"မင်းကော ရွှန်းရွှန်းကို မကြိုက်ဘူးလား"

"မကြိုက်ရဲပါဘူး ကိုမှိုင်းရာ"

“ဟ…လူလူချင်းပဲဥစ္စာ။ မင်းကြိုက်လို့ ရတာ ပဲကွ မောင်စုန်ရ”

“မတန်ပါဘူးဗျာ။ သူက သူဌေးသမီး၊ ကျုပ်က ဘုန်းကြီးကျောင်းသား။ နတ်ပြည်က ပင်လယ်ကသစ်နဲ့ မြေကြီးပေါ်က နွားချေးတုံး။ တခြားစီဥစ္စာ”

“ငါ့လူက အလာကြီးပါလားကွ၊ မင်း စာရေးဆရာလုပ်ဖို့ ကောင်းသကွ။ ဟား… ဟား… ဟား…”

အဲဒီ လိုနဲ့ ဆောင်းဦးပေါက်မှာ ရွှန်းရွှန်းရော။ ဘုန်းကြီးကျောင်းသား မောင်စုန်ပါ အိမ်က၊ နေရပ်ထဲက ပျောက်ခြင်းမလှ ပျောက်သွားပါရော ခင်ဗျ။

အဲဒါ ဖအေလုပ်သူ ဦးဩဘာညွန့်ခမျာ ရဲစခန်းကို လူပျောက်တိုင်ရ၊ ရှာရ၊ နောက်ဆုံး သတင်းတစ်ခု ရပါရောလား။

ဘုရားရေ…။ အံ့ဩစရာကောင်းလိုက်ပါဘိဗျာ။

ကြားရသူတိုင်း လုံးဝမယုံကြဘူး။

ဟုတ်ရဲ့ လားလို့ မေးကြမြန်းကြ။

ဘာကြာလဲဗျာ။ သတင်းကြားရတာ ပါပဲ။

သူဌေးသမီး ရွှန်းရွှန်းနဲ့ ဘုန်းကြီးကျောင်းသားမောင်စုန်နဲ့ ခိုးရာလိုက်ပြေးကြသတဲ့ ။

သူဌေးဦးဩဘာညွန့်ဆိုတာ နေ့စဉ်ဓားကြိမ်းကြိမ်းနေတာ။ တွေ့ရာသချႋုင်း ဓားမဆိုင်းတဲ့ ။ မြေလှန်ရှာတာဗျာ။ သူတို့ နှစ်ဦးကလည်း ဘယ်ဆီများ ပုန်းနေကြသလဲ မသိဘူး။

တစ်နှစ်နီးပါးမျှ အချိန်ကြာမှ ရွာကိုပြန်ရောက်လာကြတယ်။ ပြန်

ရောက်လာချိန်မှာ အကြင် လင်မယားအဖြစ် မဟုတ်ဘူး ။

နှစ်ဦးသဘောတူ ကွာရှင်းပြီး ပြန်လာကြတာတဲ့ ။

မောင်စုန် သူ့မွေးစားဘုန်းကြီး ဦးသက်ရှည်ကျောင်းကို ပြန်ရောက်လာပြီး ကြုံရာကျပန်းအ လုပ်ကို လုပ်နေတယ်။

ရွှန်းရွှန်းက သူ့အဖေအိမ်ပြန်ရောက်ပြီး သူဌေးသမီးက သူဌေးသမီးပဲ။ ပိုတောင် ဝင်းစိုရွှန်း အိ မှ ည့်နေတာပဲ။

မောင်စုန်ကို အခေါ်အပြော လုံးဝမလုပ်တော့ဘူး။ မောင်စုန်လည်း ဒီအိမ်ကို လုံးဝအဝင် အထွက် မလုပ်ရရှာတော့ဘူး။ မောင်စုန်ဟာ အချစ်စိတ်ကြောင့်ပဲလားမသိဘူး။ ပိန်သွားရတယ်။ ရွှန်းရွှန်းတို့ တိုက်ရှေ့ရောက်ရင် လှည့်လှည့်ကြည့်ရှာတယ်။

အဲဒါ သူ့အဖေဦးဩဘာညွန့်က ဓားကြိမ်းကြိမ်းနေလို့ ကြာကြာမကြည့်ရဲရှာဘူး။

ကျွန်တော်တို့ မောင်စုန်ကို မေးရော။

"မောင်စုန်...မင်းနဲ့ ရွှန်းရွှန်း တကယ်ညားခဲ့သလားဟင်"

မောင်စုန် မဖြေဘူး။

"ဘာလို့ ကွဲရတာ တုံး မောင်စုန်ရာ"

မောင်စုန် မဖြေပါဘူး။

"မင်းက ယောကျ်ားမပီသလို့ လား"

သူ တုံဏှိဘာဝေပဲဗျာ။

"ဆင်းရဲလို့ ရွှန်းရွှန်းက စိတ်ဓာတ်ကျပြီး ဒီကောင့်ကို ကွာရှင်းလိုက်တာ နေမှာ ပေါ့"

မောင်စုန်က ဘယ်သူတွေ ဘယ်လိုမေးမေး လုံးဝနှုတ်ဆိတ်လျက်ပါ ပဲဗျာ။

* * *

ဟော…ရွှန်းရွှန်း မင်္ဂလာဆောင်မယ်တဲ့ ခင်ဗျ။ သူမရဲ့ အမျိုးသားက ရန်ကုန်မြို့က ဝပ်ရှော့ လုပ်ငန်းရှင်ဆိုပဲ။ လူချမ်းသာလို့ ကြားရရဲ့ ။

ဒါနဲ့ အတူ မောင်စုန်ရဲ့ သတင်းကိုလည်း ပြိုင်တူကြားရရောလား။

မောင်စုန် ရွှန်းရွှန်းတို့ အိမ်ရှေ့ကနေ ညဘက်လမ်းလျှောက်နေတဲ့ သတင်း။ ရွှန်းရွှန်းကို လာလာချောင်းတဲ့ သတင်း။

တစ်နေ့…

မှောင်ရီဖျိုးဖျ…။

ရပ်ကွက်တစ်ခုရဲ့ လမ်းကြားမှာ မောင်စုန်အရိုက်ခံရပါရော။ သွေးချင်းချင်းကို ရဲနေတာပဲ။ ဘယ်သူရိုက်သွားမှန်း မသိဘူး။ ဆိုင်ရာကမေးတော့ မသိဘူးပဲ ဖြေရှာတယ်။

သေပြီလို့ တောင် ထင်ရတာ ။

မကြာပါဘူး။ ခေါင်းတုံးကြီးနဲ့ ချုပ်ရိုးပေါင်းများ စွာနဲ့ ၊ အချိုင့်အဝှမ်းတွေနဲ့ ဆေးရုံက ဆင်းခွင့် ရခဲ့တယ်။

သို့သော် ဘယ်သူ့ကိုမှ မမှတ်မိတော့ဘူး။ သူ့မွေးစားဖခင် ဘုန်းကြီးဦးသက်ရှည်ကိုလည်း မမှတ်မိတော့ဘူး။ ကျွန်တော်တို့ ကိုလည်း မသိ

တော့ဘူး။ သူ့မယားချော ရွှန်းရွှန်းကိုလည်း မသိ တော့ဘူး။ ကျွေးရင် စားတယ်။ မကျွေးရင်မစားဘူး။ ဥဒဟိုလျှောက်သွားတယ်။ ကြုံရာမှာ အိပ်တယ်။

အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ပဲ။

အများအားဖြင့် မြို့ပြင်ရှိ ရွှေကျီးညိုသချႋုင်းမှာ ပဲ အနေများ တယ်။ မိုးရွာရွာ၊ နေပူပူ သချႋုင်း က ဂူပေါ်မှာ တရားထိုင်သလိုထိုင်ပြီး ပုတီးစိပ်နေလေ့ရှိရဲ့ ။

အဲဒါ သူ့မွေးစားဖခင် ဘုန်းကြီးဦးသက်ရှည်က သချႋုင်းစောင့် စဏ္ဍာလကြီးဦးငွေးတောက် ကိုခေါ်ပြီး အပ်ရတယ်။

"ငွေးတောက်"

"ဘုရား"

"မင်းတို့ ရွှေကျီးညိုသချႋုင်းကို ဦးနှောက်သိပ်မကောင်းတဲ့ လူရွယ် တစ်ယောက် ရောက်နေ တယ်"

"မှန်ပါဘုရား၊ အမိန့်ရှိပါ"

"သူ့နာမည်က မောင်စုန်တဲ့ "

"မှန်ပါ"

"ငါ့ရဲ့ သားတပည့်ပဲ။ သူ့ကို စောင့်ရှောက်လိုက်ပါ"

"မှန်ပါဘုရား"

ဦးငွေးတောက်က ဘုန်းကြီးရဲ့ မေတ္တာရပ်ခံချက်နဲ့ မောင်စုန်ရဲ့ ဘဝဖြစ်စဉ်ကို ကြားသိ သနားပြီး စောင့်ရှောက်ရာတယ်။ ဘုန်းကြီးကျောင်းက ကျောင်းသားများ လာပို့တဲ့ ထမင်း၊ ဟင်းများ ကို

ကျွေးရှာတယ်။

မောင်စုန် စားချင်လည်း စားတယ်။ မစားချင်လည်း မစားဘူး။ မစားတဲ့ နေ့မျိုးကျရင် သချႋုင်း မှာ ရှိသမျှ ခွေးများကို အဲဒီ အစားအစာများ ကျွေးရင်ကျွေး၊ ဒီလိုမှ မဟုတ်ရင် မောင်စုန်က ဖက်ရွက် တွေခူးပြီး အုတ်ဂူတွေပေါ်မှာ တစ်ပုံစီပုံလို့ "စားကြဟေ့ ဒါ ငါ့အလှူပဲကွ" လို့ ပြောပြီး သူက အငတ် ခံပါရော။

မိုးရွာရွာ၊ နေပူပူ မနက်မိုးလင်းကနေ မွန်းတည့်ချိန်အထိ အုတ်ဂူပေါ်မှာ ပုတီးထိုင်စိပ်နေ လေ့ရှိတယ်။

အဲဒါ မိုးတွေရွာနေလို့ ဦးငွေးတောက်က သွားပြောရတယ်။

"ဟေ့ မောင်စုန်။ မိုးတွေရွာနေတယ်။ လျှပ်စီးတွေလည်း လက်နေတယ်ကွာ။ သုသာန် ဇရပ်ထဲဝင်ပြီး နားခိုပါလားကွာ...နော်.."

ဘယ်လိုမှ ပြောလို့ မရဘူး။ မိုးရွာထဲမှာ ငုတ်တုတ်ထိုင်ပြီး ပုတီးကို စိတ်မြဲစိတ်နေတာပဲ။

ထူးခြားတာက ဖျားခြင်း၊ နာခြင်း လုံးဝမရှိဘူး။ ညဘက်လည်း ဒီဂူပေါ် မိုးရေထဲ အိပ်ချင် အိပ်နေတာမို့ မိုးရွာရင် ဦးငွေးတောက်က မိုးရေကာဖျင်ကပ်ကြီးကြီးနဲ့ သူ့ကိုယ်ပေါ်ကို လွှမ်းခြုံပေး ရတယ်။

ကြာတော့လည်း ဦးငွေးတောက် သူ့ကိုသနားရှာတာပေ့ါ။ ငယ်ငယ်ရွယ်ရွယ် အရွယ် ကောင်း၊ အလွန်ချောတဲ့ မိန်းမနဲ့ ကွဲ၊ အမည်သမိသူများရဲ့ ရိုက်ချက်နဲ့ ဘဝအတိတ်မဲ့။ သွားချင်ရာ သွား၊ ဒါပေမဲ့ အချိန်တန်ရင် သူ့ရဲ့ ပြုနေကျ စရဏအလုပ်နဲ့ ဒီသချႋုင်းကို လုံးဝမမေ့။ ပစွန့်ခွာ။

တစ်နေ့။

မိုးကြီးလေးကြီး ကျပါရော။ မိုးကြိုးတွေပစ်၊ လျှပ်စီးများ လက်၊

လေပြင်းမုန်တိုင်းကျ၊ သစ် ပင်သစ်ကိုင်းတွေ ကျိုးလဲ။ အိမ်တွေ အမိုးများ လွင့်…ဝုန်းဒိုင်းကြဲနေတာကြီးရယ်။

ဦးဝွေးတောက် မောင်စုန်မိုးရေထဲ ပုတီးစိပ်နေတာကို စိုးရိမ်သွားပါရော။ ဘုန်းကြီးကလည်း စောင့်ရှောက်လိုက်ပါ ပြောထားသကိုး။ ခက်တာက မောင်စုန်က ပြောစကားနားမထောင်။ ပြောလို့ ဆိုလို့ မရ။

ခုဟာက မုန်တိုင်း။

ဦးဝွေးတောက် မိုးပေါက်များ အကြား ခမောက်စုတ်ကြီးဆောင်းပြီး ဒယီးဒယိုင်နဲ့ သွားပြော ခေါ်ရရော။

"မောင်စုန်..မောင်စုန်"

"…………………………"

"မောင်စုန်….မောင်စုန်"

လေသံမိုးသံက ဆူညံနေလို့ အသံကုန်အောင် အော်ဟစ်ခေါ်ရတယ်။ မောင်စုန် တုတ် တုတ်မျှ မလှုပ်ဘူး။ ကျောက်ရုပ်လို ငြိမ်သက်ထိုင်နေလို့။

"မောင်စုန်…မုန်တိုင်းကျနေပြီ။ အောက်ကိုဆင်း။ ဇရပ်ထဲမှာ နေ။ ဒီမှာ အန္တရာယ်များ တယ်"

အဲဒီ လိုခေါ်ပြောလည်း မလှုပ်ရှားဘူး။

ဒါနဲ့ သူ့လက်ကို ကိုင်လှုပ်လည်း မလှုပ်ဘူး။ တောင့်တောင့်ကြီး။

"ဟာ..ဒီလောက်ပြောမရလည်း သေချင်သေဟာ"

စိတ်က မရှည်တော့ဘူး။ ပြောလို့ မရမှ တော့ ကိုယ့်ထိုက်နဲ့ ကိုယ့်ကံ။ သင်းကိုပစ်ထားခဲ့ပြီး မိုး ခြိမ်းသံ၊ လျှပ်စီးလက်သံများ ဆူညံနေတဲ့

ကြားက ဇရပ်ရှိရာကို အပြေး..

“ဂျိုင်း.....”

“မြတ်စွာဘုရား”

“ဂျိုင်း...ဂျိုင်း.....ဂျိမ်း.........ဒလိန်း.ဒလိန်း”

မိုးကြိုးပစ်သံ နှစ်ချက်ဆင့်ကြားရပြီး လန့်ပြီးမှောက်လျက်လဲသွားရင်းက ကြောက်ကြောက် လန့်လန့်နဲ့ ကုန်းထပြီး မောင်စုန်ရှိရာကို နောက်ပြန်လှည့်ကြည့်လိုက်ရော...

“ဘုရား...ဘုရား”

မောင်စုန် အုတ်ဂူပေါ်မှာ မရှိတော့ဘူး။ ဘယ်ရောက်သွားလဲ မသိဘူး။

ဒီမှာ မိုးက ဝေါခနဲရွာ၊ လျှပ်စီးကလက်၊ မိုးခြိမ်းသံများ တရကြမ်းဆူညံနေလို့ စဏ္ဍာလကြီး ဦးငွေးတောက် မောင်စုန်ရှိရာအုတ်ဂူကို မလှမ်းနိုင်တော့ဘူး။

ကိုယ့်အသက်ကိုယ်လုပြီး ဇရပ်ရှိရာကို ပြေးရတယ်။ ဇရပ်အမိုးတွေလည်း လန်ပျံလွင့်ကုန် ပြီ။ မိုးယိုနေပြီ။ ချမ်းလွန်းလို့ လူလည်း ခိုက်ခိုက်တုန်နေပြီ။

လိုရမည်ရ ဆောင်ထားတဲ့ အရက်ပုလင်းကို ခေါင်းပုံဟောင်းကြားက လှမ်းယူပြီး နှစ်ငုံ၊ သုံး ငုံ ငုံပစ်လိုက်မှ သွေးနွေးသွားလေရဲ့ ။

* * *

မွန်းတည့်ချိန်ရောက်မှ မုန်တိုင်းက စဲသွားပါရော။ မုန်တိုင်းစဲမှာ ကိုယ့်လူရှိရာကို အပြေး အလွှားသွားကြည့်လိုက်ရော…

မောင်စုန် အုတ်ဂူနံဘေးက ရေဖွက်ထဲမှာ တင်ပျဉ်ခွေချိတ်လျက် ညာဘက်က ပုတီးကိုင် လျက် တောင့်တောင့်ကြီးလဲကျလို့ ။

“မောင်စုန်…မောင်စုန်”

“……………….”

“ဟော့..မောင်စုန်.မောင်စုန်…မောင်စုန်”

ခေါ်လို့ လည်း မရဘူး။ လှုပ်လည်း မလှုပ်ဘူး။ လူက ရေခဲရိုက်ထားသလို တောင့်နေပြီ။ သေ ပြီနဲ့ တူပါရဲ့ ။ ဒါနဲ့ တင်ပျဉ်ခွေကိုယ်လုံးကို မြေပြင်ပေါ်ဆွဲတင်လှဲထားခဲ့ပြီး ဆရာတော်ကျောင်းကို အမြန်ပြေးချလာခဲ့လိုက်တယ်။

လမ်းတစ်လျှောက်လုံး သစ်ပင်များ ပြိုလဲကျလို့ ။

အိမ်တော်တော်များများမှာ အမိုးမရှိကြဘူး။ လူတွေက ဓား၊ ပုဆိန်များ နဲ့ ခုတ်ထွင်ရှင်းလင်း နေကြတယ်။ ဒါနဲ့ ဘုန်းကြီးကျောင်းကို ရောက်ရော…

“ဘုန်းဘုရား”

“ဒကာကြီးငွေးတောက်..ဘာအကြောင်းထူးရှိလို့ လဲ”

“မောင်…မောင်စုန် ခေါ်လို့ မရတော့ဘူးဘုရား”

“ဟေ..ဘယ်လိုဖြစ်လို့ လဲ ဒကာကြီးရဲ့ ”

“မိုးရေမုန်တိုင်းအောက်က ဂူပေါ်မှာ ပုတီးစိပ်နေတာဘုရား၊ ခေါ်လို့ မရလို့ ထားခဲ့ရုံရှိသေး။ မိုးကြိုးပစ်သံ နှစ်ချက်ဆင့်ကြားလိုက်ရပြီး

မောင်စုန် အုတ်ဂူပေါ်ကနေ လွင့်ကျပုံပဲဘုရား။ မှန်တိုင်း စဲလို့ ကြည့်တော့ တောင့်တောင်တောင့်နေပြီဘုရား”

“ဟေ…ဖြစ်မှ ဖြစ်ရေလေ ဒုက္ခသည် မိတဆိုး၊ ဖတဆိုးလေးရယ်”

ဘုန်းကြီးဦးသက်ရှည်ဟာ သူ့သားတပည့်ကို ကရုဏာကြီးပုံရလေရဲ့။ ရဟန်းနှစ်ပါးအကူ အညီနဲ့ ရွှေကျီးသချႋုင်းကို လိုက် လာပြီး မောင်စုန်ကိုကြည့်တယ်။

“အင်း…ရေခဲတုံးလို အေးစက်နေပြီ၊ သေပြီနဲ့ တူရဲ့ ”

“သေနေပါပြီ ဘုရား”

“သေတော့လည်း ဝဋ်ကုန်တာပေါ့ကွာ။ ဘဝဝဋ်ကြွေးကို ဒီဘဝ အကျေဆပ်လိုက်တာပဲ ဥစ္စာ။ အင်း…သေတာတောင် ပုတီးကိုင်လျက်ပဲကိုး။ သာဓု…သာဓု…သာဓု မောင်စုန်”

“ဒကာကြီးပဲ ကြည့်စီစဉ်လိုက်တော့”

“ဒီနေ့ပဲ မြေမြှုပ်သင်္ဂြိုဟ်လိုက်မယ်ဘုရား”

“ကောင်းပါတယ် ဒကာကြီး”

“သရဏဂုံ တင်ပေးသွားပါဘုရား”

“အေး…အေး…လုပ်ကြတာပေါ့”

သည့်နောက် သူ့အလောင်းကို ဦးငွေးတောက်က မနိုင့်တနိုင် ပွေ့ယူပြီး သချႋုင်းသရဏဂုံ တင်အုတ်ခုံပေါ်မှာ ခပ်လှဲလှဲလေး တင်ထားပေးလိုက်တယ်။

မွေးစားဖခင်ကြီး ဘုန်းကြီးဦးသက်ရှည်က သရဏဂုံ တင်ပေးလိုက်ပြီး အကျဉ်းချုံးရေစက် ချပေးလိုက်တယ်။

ပြီး…သူ့မွေးစားသား မောင်စုန်ရဲ့ မျက်နှာကို ငုံ့ကြည့်လိုက်ပြီး သက်ပြင်းချ လိုက်လေရဲ့ ။

အမေနဲ့ အဖေကလည်း သူ့ပုန်လက်ချက်နဲ့ သေ။

အထီးကျန်တစ်ကောင်ကြွက်ဘဝ မနူးမနပ်မှာ မျက်နှာများ တဲ့ မိန်းမချောတစ်ယောက်ရဲ့ မာယာနွံထဲမှာ နစ်ပြီး ရင်ကွဲပြန်ရ။

ရင်ကွဲလို့ အသည်းကြွေတုန်းရှိသေး။ မသမာသူရဲ့ လက်ချက်နဲ့ ဦးနှောက်ပျက်သလိုဖြစ်ပြီး တရားအသိ၊ သမထအသိလေးနဲ့ ဘဝခရီးကို လျှောက်တုန်းရှိသေး။ မိုးကြိုးပစ်လို့ သေခဲ့ပြီ။ သွား တော့မောင်စုန်။ မွေးလာတာ သေဖို့ သားတပည့်ရေ။

လူတွေဟာ နေရရက်များ နေလို့ သေရမယ့်တစ်ရက်ကို မေ့နေကြပေမင့် အဲဒီ လို သေနေ့ မေ့တဲ့ စာရင်းမှာ မင်း မပါဘူးလို့ ဘဘုန်းထင်ပါတယ်။ ကောင်းရာသုဂတိဘုံသို့ လားပါစေ လူက လေး။

ဘဘုန်း စိတ်မကောင်းသော်လည်း တရားဓမ္မကို နှလုံးသွင်းလိုက်ရဲ့ ။ တည်တယ်၊ ဖြစ် တယ်၊ ပျက်တယ်..အားလုံး သင်္ခါရရဲ့ သားကောင်ချည်းပဲ။

လူဖြစ်လာတာဟာ သေမင်းရဲ့ အမဲလိုက်ခြင်း ခံရဖို့ ပါပဲလေဟု ရှုရင်း ကျောင်းသို့ ပြန်ခဲ့ လိုက်သတဲ့ ။

* * *

နောက်ဆုံး စဏ္ဍာလကြီးဦးငွေးတောက် အလောင်းကိုသယ်လာ

လိုက်ပြီး ကျင်းဟောင်းတစ် ခုကို ဖော်လိုက်တယ်။

ကျင်းဟောင်းထဲက သစ်ဆွေးသစ်စများကို ကော်ပက်တင်လိုက်၊ မြေကြီးမြေစာများကို ကော်ပက်တင်လိုက်လုပ်လို့ လူတစ်ယောက်ဖို့ စာကျင်းအကြမ်းလည်း ရရော…

လူသေကောင် မောင်စုန်ကို မြေမြှုပ်မယ်လို့ ကြည့်လိုက်ရော…

“အမယ်လေးဗျ”

“သ…သရဲ”

“တ…တစ္ဆေ…အမလေး လုပ်ပါဦးဘုရား”

ဦးငွေးတောက် မမျှော်လင့်ဘဲ မြင်လိုက်ရသည့်မြင်ကွင်းကြောင့် ငယ်သံပါအောင် လန့်အော်ရင်း ဘုန်းကြီးကျောင်းရှိရာကို ခြေကုန်တင် ပြေးရပါရောဗျာ။

“ဘဘုန်း…ဘဘုန်း”

“……………”

“အရှင်ဘုရား…ဘဘုန်း”

“………………..”

ဘဘုန်းဘုရား”

“ဟဲ့…ဘယ်သူတုံး။ ကျောင်းရှေ့ကနေ အော်ကြီးဟစ်ကျယ်နဲ့ ”

“တပည့်တော်ပါဘုရား။ စဏ္ဍာငွေးတောက်ပါဘုရား”

“ငွေးတောက်..ဘာဖြစ်လို့ တုံး၊ တစ်ကိုယ်လုံး တုန်နေတာပဲ”

စဏ္ဍာလဦးငွေးတောက် အံ့ဩလွန်း၊ ကြောက်လွန်းလို့ တစ်ကိုယ်လုံး

တုန်နေရဲ့ ။

“ငွေးတောက်”

“ဘု…ဘုရား”

“ပြောစမ်း နင် ဘာဖြစ်လာတာတုံး”

“သချႋုင်းကို မြန်မြန်ကြွပါဦး ဘု..ဘုရား”

“ဟဲ့…ငါက ဘာကိစ္စနဲ့ နင့်သချႋုင်းကို ကြွရမှာ တုံးဟ”

“တ..တစ္ဆေ…တစ္ဆေဘုရား”

“တစ္ဆေ”

“မှန်ပါ…တစ္ဆေ..တစ္ဆေဘုရား”

“ဘယ်ကတစ္ဆေတုံး ငွေးတောက်ရ”

“မောင်စုန်တစ္ဆေပါဘုရား….မောင်စုန်တစ္ဆေပါဘုရား…”

“ဟာ…ဒီကောင်နှယ်။ ပြောစမ်းပါဦး…ပြောစမ်း…”

“ဒီလိုပါဘုရား။ သူ့အလောင်းကိုမြှုပ်ဖို့ ကျင်းတူးပြီး ကြည့်လိုက်ရော တုံးလုံးလဲသေနေတဲ့ မောင်စုန် ငုတ်တုတ်ကြီးထိုင်ပြီး ပုတီးစိပ်နေပါရောဘုရား”

“ဟာ…ကြံကြီးစည်ရာ။ မိုးကြိုးပစ်သေလို့ သရဏဂုံတင်ပြီးဥစ္စာ”

“အမှန်အကန်ပါဘုရား။ မယုံရင် လိုက်ကြည့်ပါဘုရား”

“မင်း အမြင်မှောက်လို့ နေပါလိမ့်မယ် ငွေးတောက်ရာ”

“တစ္ဆေမှ တစ္ဆေအစစ်ပဲလား။ ဒါမှ မဟုတ် ဒီကောင်မောင်စုန် အပမှီ၊ ဖုတ်ဝင်သလား မသိ ဘူးဘုရား။ လိုက်ကြည့်ပေးပါဦးဘုရား”

ဗုဒ္ဓေါ...။

စဏ္ဍာလတောင် တစ္ဆေကြောက်ရသတဲ့ ။ ကြားဖူးပေါင်။

ဒါနဲ့ ဘုန်းကြီးဦးသက်ရှည် ရွှေကျီးညိုသချႋုင်းကို လိုက်ခဲ့လိုက်ရော။

"ဟိုက်"

"တွေ့...တွေ့လားဘုရား။ ဟိုမှာ ....။ အဲဒါ ဖုတ်တစ္ဆေပါဘုရား"

ဟုတ်ပ့ါ။ သူထိုင်နေကျ ရောမအုတ်ဂူပေါ်မှာ မောင်စုန်။ နေရှိရာကို မျက်နှာမူပြီး ပုတီးစိပ် လို့ ပါလား။

သူတို့ နှစ်ဦး အနားကိုတိုးကပ်ကြည့်လိုက်တော့ မောင်စုန်မှ မောင်စုန်အစစ်။ ညစ်ပေပေ အကျႌနဲ့ ။

"မောင်စုန်"

ဘဘုန်းဦးသက်ရှည်က လှမ်းခေါ်လိုက်တယ်။ ပြန်မထူးဘူး။ ပုတီးကို စိပ်နေလျက်ပဲ။ ဒါနဲ့ ဘဘုန်းကြီးသက်ရှည်က လက်ထဲကတောင်ဝှေးနဲ့ နောက်ကြောကိုထိုးလိုက်ရာ မောင်စုန် လူးလွန့် ပြီး နောက်ကိုလှည့်ကြည့်လေရဲ့ ။

"မောင်စုန်"

"ဘုရား"

"ဟေ...ဟုတ်သဟ။ ဟ မောင်စုန်။ နင် လူလား တစ္ဆေလား"

"လူပါဘုရား"

လူဆို နင် ငါ့ကိုသိလား"

ဒီမှာ မမောင်စုန်က ဂူပေါ်ကနေ အောက်ကိုဆင်းပြီး လက်အုပ်ချီလျ

က်ကနေ…

"သိပါတယ်ဘုရား၊ ဘဘုန်းဦးသက်ရှည်ပါဘုရား"

"ဘုရားရေ။ မင်း မင်း မသေဘူးလား မောင်စုန်"

"မသေပါဘူး ဘုရား"

"ဟေ… ဒါ… ဒါဆို… မင်း… မင်းအသိကော ပြန်ကောင်းသွားပြီပေါ့၊ ဟုတ်လားမောင်စုန်"

"မှန်ပါ…။ အားလုံးကို ပြန်သတိရပါပြီဘုရား"

"အလိုလေးဟဲ့။ ထူးဆန်းအံ့ဩစရာကောင်းလိုက်ပါဘိ မောင်စုန်ရယ်။ ငါ့တစ်သက်နဲ့ တစ် ကိုယ် သေပြီးပြန်ရှင်တာ နင်တစ်ယောက်ပဲ တွေ့ဖူးသကွယ့် မောင်စုန်ရဲ့"

ဘဘုန်းဦးသက်ရှည်က ဝမ်းသာလွန်းလို့ ရွှင်မြူးနေတာပဲ။

"မောင်စုန်"

"ဘုရား"

"သူ့ကိုသိလား"

ဘဘုန်းက အနီးရှိ ပေါက်တူးကိုင်စဏ္ဍာလကြီးကို လက်ညှိုးထိုးပြလိုက်တော့

"သိပါတယ်ဘုရား။ စဏ္ဍာလဦးငွေးတောက်ပါဘုရား"

"ကိုင်း…မင်းကို မိုးကြိုးပစ်တာ သိလား"

"မသိပါဘူး ဘုရား"

"မင်း မိုးကြိုးပစ်ခံရပြီး သေသလိုဖြစ်သွားတာကွယ့်"

“မြောသွားတာနဲ့ တူပါရဲ့ ဘုရား”

“အိမ်း…ဒါလည်း ဟုတ်တာပဲဟ။ ဒါနဲ့ မောင်စုန်။ မင်းသေ..အဲ…အဲ မြောသွားတော့ ဘယ် များ ရောက်ခဲ့လဲကွယ့်။ ပြောစမ်းပါဦး”

“နတ်ပြည်ကိုရောက်သွားပါတယ်ဘုရား”

“နတ်ပြည်ကို..”

“မှန်ပါဘုရား…။ နတ်ပြည်ကိုရောက်ရော နတ်မင်းကြီးက နတ်ပြည် တစ်ထပ်ကို လိုက်ပြပါ တယ်ဘုရား။ ပြီး သူက ပြောပါတယ်ဘုရား။ ကောင်းကောင်း ကျင့်ကြံပွားများ ပါ။ ဒါန၊ သီလမြဲပါ။ တစ်နေ့ မင်း ဒီ နေရာကိုရောက်မယ်လို့ ပြောပါတယ်ဘုရား”

“ဟုတ်ရဲ့ လားမောင်စုန်ရာ။ အိပ်မက်မက်နေတာများ လား”

“ဒါတော့ မသိပါဘူးဘုရား”

“မင်း ဘယ်လိုသက်သေပြမတုံး”

“နတ်မင်းကြီးက မေးပါတယ်ဘုရား။ မင်း သူတစ်ထူးရဲ့ အသက်နဲ့ အရှက်ကို ဘဝနဲ့ ရင်းပြီး ကာကွယ်ပေးခဲ့တယ်။ ဘုန်းကြီးကျောင်း ဝေယျာဝစ္စများကိုလည်း ဦးလည်မသုန် လုပ်ခဲ့တယ်။ အခု လူ့ပြည်ခဏ ပြန်ပြီး ဒါန၊ သီလ၊ ဘာဝနာ ထပ်လုပ်နှင့်ဦး။ အချိန်တန်ရင် ငါတို့ လာ ခေါ်မယ်လို့ ပြော ပြီး မင်းအလိုရှိရာပြောလို့ ဆိုပါရော ဘဘုန်းခင်ဗျာ”

“ဒီတော့ မင်းက ဘာပြောလိုက်တုံး”

“ကျွန်တော်မျိုး ဘယ်ဘက်မျက်လုံး အနှိပ်စက်ခံရလို့ ကွယ်သွားပါ တယ်။ အဲဒါ ပြန်မြင်ချင် ပါတယ်ဘုရားလို့ ပြောတာပေါ့ဘုရား”

“ဒီတော့…”

"ဒီတော့ နတ်တင်းကြီးက ငါ မျက်လုံးတစ်လုံးပေးလိုက်မယ်။ ယူသွား။ အဲဒီ မျက်လုံးနဲ့ လူ တွေရဲ့ အကျိုးကို ရှေ့ရှုလို့ ပြောလိုက်ပြီး ဟောဒီမျက်လုံးအကန်းထဲကို မျက်စိတစ်လုံး ထည့်ပေး လိုက်ပါတယ်ဘုရား"

"ဟဲ့...မောင်စုန်"

"ဘုရား"

"နင်ကသာ နတ်မင်းကြီးက မျက်စိအသစ်တစ်လုံး ထည့်ပေးလိုက်တယ်ပြောနေတယ်။ နင့် မျက်စိတစ်လုံးက အကန်းက အကန်းပဲဟ"

ဒီမှာ မောင်စုန်က သူ့ရဲ့ ကန်းနေတဲ့ မျက်စိကို လက်နဲ့ ကိုင်ကြည့်ပြီး

"ဘဘုန်း"

"ဘယ့်နဲ့ တုံး"

"မြင်နေရပါတယ်ဘုရား"

"ဟေ"

"မြတ်စွာဘုရား"

ကြားရသူနှစ်ဦးစလုံး အံ့သြကြရပါရောလား။ သူကသာ မြင်တယ် ပြောတယ်။ မျက်လုံးက ကန်းလို့ ။ ဘဘုန်းနဲ့ ဦးငွေးတောက် တစ်ယော က်နဲ့ တစ်ယောက် အထာနဲ့ ကြည့်ပြီး ခေါင်းညိတ်လိုက် ကြတယ်။

"မောင်စုန်"

"ဘုရား"

"မင်း ငါ့ကျောင်းကို ပြန်လိုက်မှာ လားဟင်"

“မလိုက်တော့ပါဘူးဘုရား၊ ဒီသချႋုင်းမှာ ပဲ တရားကျင့်ပြီး နတ်မင်းကြီးမှာ လိုက်သလို လူ တွေရဲ့ အကျိုးကို ရှေးရှုကူညီပါရစေဘုရား”

“အိမ်း..ဒါဆိုလည်း နေပေ့ါ..နေပေ့ါ။ ဝွေးတောက်က မင်းကို လိုအပ်သမျှ အကူအညီပေး လိမ့်မယ်။ ငါ့ကျောင်းလည်း မလာဘဲမနေနဲ့ ။ ကြားလား..။ လာခဲ့ဦး တပည့်”

“မှန်ပါဘုရား”

“ငါသွားမယ်”

“မှန်လှပါဘုရား…။ ဘဘုန်းအလိုရှိရင် ခေါ်လိုက်ပါဘုရား”

ဒါနဲ့ ဘဘုန်းဦးသက်ရှည် ရွှေကျီးညိုသချႋုင်းက ပြန်လာခဲ့လိုက်တယ်။ လူကတော့ မိုးကြိုးပစ် သံကြားရပြီး ဦးနှောက်ပြန်ကောင်းလာသလို ရှိပုံရရဲ့ ။ ဒါပေမဲ့ ကျပ်မပြည့်ချင်ဘူးလို့ ကောက်ချက် ဆွဲပြီး လုံးဝသတိမရှိတာနဲ့ စာရင် အခုအနေအထားက တော်ပါသေးရဲ့ လို့ ဖြေသိမ့်လိုက်သတဲ့ လေ။

* * *

အဲ…ဆန်းပုံက သင်း မိုးကြိုးပစ်သံကြောင့် ပြန်ကောင်းသပြုလာသည့်အချိန်ကစပြီး ထူး ဆန်းနေတာခင်ဗျ။

တစ်နေ့…။

သူ ပုတီးလည်း စိပ်ပြီးရော စဏ္ဍာလကြီးဦးဝွေးတောက်ရှိရာကို ပေါက်ချလာပါလေရော။

"မောင်စုန်…လာဟေ့။ ပဲပြုတ်ဆီဆမ်းနဲ့ ရေနွေးကြမ်းမြည်းကွာ"

"ဦးငွေးတောက်"

"ဘာတုံး မောင်စုန်ရ၊ ထိုင်လကွာ.."

မောင်စုန်က အားရင် ဦးငွေးတောက်ကို ဝိုင်းကူလုပ်ပေးနေလို့ ဦးငွေးတောက်လည်း အဖော်ကောင်းရပြီး ဝမ်းသာနေတာပေ့ါဗျာ။

"ဦးငွေးတောက်…ကျုပ်ကို တစ်ခုကူညီပါဗျာ"

"ပြော…မင်းဘာစားချင်လို့ လဲ"

"မစားချင်ပါဘူးဗျာ။ ဒီမှာ ခင်ဗျား သူဌေးသမီးရွှန်းရွှန်းကို သိလား"

"မင်းနဲ့ ညားဖူးတဲ့ သူဌေးသမီးကို ပြောတာလား"

"ဟုတ်တယ်လို့ ပြောကြပါစို့ဗျာ"

"ဟုတ်ရင် ဟုတ်တယ်ပေ့ါကွာ။ ဘယ့်နှယ် ဟုတ်တယ်လို့ ပြောကြပါစို့လဲကွ၊ ဘာလဲ ငါက ချိန်းပေးရမှာ လား။ ပြော…"

"ခင်ဗျား သူ့အိမ်ကို အရောက်သွားလိုက်။ ရောက်ရင် ရွှန်းရွှန်း အခုလက်ထပ်မယ့်သူနဲ့ ရေ လမ်းခရီးသွားဖို့ အစီအစဉ်ကို ဖျက်လိုက်ပါ။ ဆက်သွားရင် အသက်အန္တရာယ်ရှိတယ်လို့ ကျုပ်က ပြောလိုက်တယ်လို့ အခုပြောပေးဗျာ"

"မောင်စုန်…ဖြစ်…ဖြစ်ပ့ါမလား င့ါလူရာ"

"ဘာလို့ မဖြစ်ရမှာ လဲဗျ"

"ငါက စဏ္ဍာလလေ။ မင်းကောင်မလေးက သူဌေးသမီး။ အိမ်ထဲကော ဝင်လို့ ရမှာ လား။ င့ါ လိုလူကိုကော စကားပြန်ပြောမှာ လားကွ မောင်စုန်ရ။ စဉ်းစဉ်းစားစားလုပ်ပါ င့ါလူရာ"

“ဖြစ်ပါတယ်ဗျာ။ ကျုပ်လွှတ်လိုက်တယ်လို့ သာပြော။ ဒီနေ့ ပြော ဖြစ်အောင်ပြောနော်။ ဦး ငွေးတောက်”

“သိပ်အရေးကြီးနေလို့ လား ငှါတူရာ”

“ကြီးလို ခင်ဗျားကို အမြန်သွားခိုင်းတာပေါ့ဗျ”

“ဒါဆို ငှါလူသွားလိုက်ပါလားကွာ။ တစ်ချိန်က ကိုယ့်မယား ဖြစ်ခဲ့ဖူး ဥစ္စာ”

“အခု ကျုပ်မယား မဟုတ်တော့ဘူးဗျ။ သူများ မယား ဖြစ်တော့မှာ ”

“သူများ မယားဖြစ်နေမှန်းသိရင် ငှါလူ သံယောဇဉ်ဖြစ်မနေပါနဲ့ လား။ ကင်းကင်းရှင်းရှင်းနေ ပြီး ကိုယ့်စရဏနဲ့ ကိုယ်...”

“ဒီမှာ ဦးငွေးတောက်။ တဏှာရာဂ သံယောဇဉ်စိတ်ကြောင့် ခင်ဗျား ကိုပြောခိုင်းတာမဟုတ် ဘူး။ သူ့အသက်ရော ပြီး..အိုဗျာ..ဟိုလူ့အသက် ကိုပါ ကယ်ချင်လို့ ...ကယ်ချင်လို့ ”

“ဒါဆို ငါမသိလို့ ရှင်းရှင်းဘွင်းဘွင်း မေးပါရစေ ငှါလူရာ။ အဲဒီ ခရီး ကို သွားခဲ့ရင် သူဘာဖြစ် မှာ မို့လဲကွယ်”

“သူတို့ သေလိမ့်မယ်ဗျ”

“ဘာ...ရှုန်းရှင်း...မင်းမယား သေလိမ့်မယ်။ နေပါဦး...သူ ရေလမ်း ခရီးနဲ့ သွားမယ်ဆိုတာ မင်း ဘယ်လိုလုပ်သိသလဲ။ သွားရင်သေမှာ ကော မင်းက အတိအကျပြောနိုင်လို့ လား”

“ဦးငွေးတောက် ကျွန်တော့်ကိုခင်ရင် အမြန်သွားပြောလိုက်ပါဗျာ။ အဲဒီ လိုပြောပေးရင် ခင်ဗျားကို ကျုပ် ရွှေလက်စွပ်တစ်ကွင်းရအောင် ကူ ညီမယ်ဗျာ”

“မောင်စုန်..မင်း..မင်း တကယ်ပြောတာလားဟင်”

“ဟုတ်တယ်”

“မင်း ငါ့ကို မပတ်နဲ့ နော်”

“စိတ်ချပါဗျာ။ ရွှေလက်စွပ်မှ ကျောက်နီရွှေလက်စွပ် ရရစေမယ်ဗျာ”

“ကိုင်း…ဒါဆို လေယာဉ်ပျံငှားပြီး သွားပြီ ကိုယ့်လူရေ”

“ဦးငွေးတောက် ရွှေကျီးညိုသချႋုင်းကနေ အမြန်နှုန်းနဲ့ ပြေးချလာခဲ့လိုက်လေရဲ့ ။

သူဌေးဦးသြဘာညွှန့်ရဲ့ ခြံရှေ့ကနေ ခေါက်တုံ့ခေါက်ပြန် လျှောက်နေတာ အကြိမ်မနည်း ဘူး။ ရွှန်းရွှန်းဆိုတဲ့ မိန်းကလေး ထွက်လာတာလည်း တွေ့ရပေါင်။

ဒီလိုနဲ့ ကုက္ကိုပင်အောက်မှာ ထိုင်နေတုန်း ဝတ္ထုစာအုပ်အငှားဆိုင်ကနေ ထွက်လာနေတဲ့ ရွှန်းရွှန်းကို တွေ့ရော ဦးငွေးတောက် ဝမ်းသာအားရနဲ့ အနီးပြေးလိုက်သွားပါရော။

“ရွှန်းရွှန်း”

“ရှင်ဘယ်သူတုံး”

အဝတ်အစားညစ်ညစ်ပေပေနဲ့ သူ့ကို ရွှန်းရွှန်းက ရွံရှာစက်ဆုပ်ဟန်နဲ့ ကြည့်ပြီး မေးပါရော။

“ဟို…ဟို”

“ဘာဟိုလဲ။ သူတောင်းစားရုပ်ကများ ။ ဟွန်း”

“ဒီ…ဒီလိုပါ…။ ဟို…ဟိုလေ မောင်စုန်လွှတ်လိုက်လို့ ပါ”

"မောင်စုန်...မောင်စုန် ဟုတ်လား"

"ဟုတ်တယ်"

"ဒီမှာ မောင်စုန်နဲ့ ကျွန်မ ဘာမှ မပတ်သက်တော့ဘူးရှင့်"

"နေ...နေပါဦးကွယ်။ သူက အရွေးကြီးစကားတစ်ခွန်း အမှာ ပါးလိုက်လို့ လာပြောရတာ ပါ။ ခဏလေး"

"ဘာစကားမို့လို့ လဲ။ ပြော....မြန်မြန်ပြော"

"ဟို...ဟို...ငါ့တူမကြီးတို့ သွားမလို့ ကြံရွယ်စီစဉ်ထားတဲ့ ရေလမ်းခရီး မသွားလိုက်ပါနဲ့ တဲ့ ။ အစီအစဉ်ဖျက်လိုက်ပါတဲ့ "

"ရှင်"

သူမကြားရသည့်စကားကြောင့် အလွန်အံ့သြသွားတာရယ်။

"ဘာ...ဘာဖြစ်လို့ လဲ။ သူ..သူ..ဘယ်..ဘယ်..ဘယ်လိုလုပ်ပြီး...သိ...သိ"

""သွားခဲ့ရင် ညည်းအသက်သေဆုံးလိမ့်မယ်တဲ့ "

"အို..အခိပ္ပာယ်မရှိဘူး။ သွား...သွား...သွား"

သူမဟာ ဦးငွေးတောက်ကို ရွံ့ရှာစက်ဆုပ်သလိုကြည့်ပြီး ချာခနဲ လှည့်လို့ သူမရဲ့ အိမ်ရှိရာ ကို ပြေးဝင်သွားလေရဲ့ ။

* * *

ဝါဆိုလပြည့်နေ့က အလွန်ကြေကွဲစရာကောင်းတဲ့ သတင်းဆိုးတစ်ခု

ကို အားလုံးကြားလိုက် ရပါလေရောဗျာ။

ရွှန်းရွှန်းရယ်၊ သူနဲ့ မကြာခင်လက်ထပ်တော့မယ့် သူဌေးလောင်းရယ်..ဟို…ကျောက်တန်း မြို့တောင်စူးစူးက မီးပြဆိုတဲ့ ရွာကိုသွားလို့ မော်ဝန်းချောင်းကိုအကူး အရှိန်နဲ့ ဝင်လာတဲ့ စက်တပ်ပဲ့ ထောင်နဲ့ သူမတို့ စင်းလုံးငှား ပဲ့ချိတ်သဗ္ဗန် တိုက်မိပြီး မော်ဝန်းချောင်းမှာ ပဲ ရေနစ်လို့ နှစ်ဦးစလုံး သေသွားကြလေရဲ့ ။

နောက်ဆုံး…

အဲဒီ သတင်းဆိုးမဖြစ်စေဖို့ မောင်စုန်ဆိုသူ ရွှန်းရွှန်းရဲ့ ကွာလင်ကကြိုတင်သတိပေးလိုက်တဲ့ သတင်းကလည်း စဏ္ဍာလဦးငွေးတောက်ရဲ့ အာချောင်မှုနဲ့ အားလုံးသိကုန်ပြီမို့ အံ့သြကုန်ကြပါ ရော။

မောင်စုန် ဒီကိစ္စ ဘယ်လိုကြောင့် ကြိုသိရသလဲ။

အဲဒါ မေးခွန်းဖြစ်ကုန်ပါရော။

အချို့က မောင်စုန်ကို လာမေးလား မေးကြရဲ့ ။

နောက်ဆုံး မောင်စုန်က ရိုးသားစွာဖြေ လိုက်လေရဲ့ ။ သူတရားထိုင်နေစဉ် မျက်လုံးထဲမှာ သူမတို့ နှစ်ဦး ရေနစ်သေတဲ့ အာရုံနိမိတ်ကို မြင်လို့ ကြိုကြိုတင်တင် လိုရမည်ရ တားမြစ်သတိပေး ရတာ ပါတဲ့ ။

ဒီလိုကြားရတော့ လူတော်တော်များများက သချႋုင်းကုန်းမှာ နေတဲ့ မောင်စုန်ကို အံ့အံ့သြသြ ဖြစ်သွားကြပါရော။

ဒီတော့မှ စဏ္ဍာလကြီးငွေးတောက်လည်း မောင်စုန်ရဲ့ အာရုံနိမိတ်အစွမ်းကို စတင်နားလည် စပြု လာလေရဲ့ ။

မောင်စုန်ကတော့ စိတ်မကောင်းဘူးပေ့ါ။

“မောင်စုန်”

“ခင်ဗျာ”

“ဦးလေးတစ်ခုမေးပါရစေ ငါ့တူရာ”

“မေးပါ ဦးငွေးတောက်”

“မင်း ရွှန်းရွှန်းကို ချစ်ခဲ့သလားဟင်”

“ချစ်တယ်”

“ချစ်ရင် ဘာလို့ ကွာရှင်းခဲ့ရတာ လဲ”

“သူတောင်းဆိုလို့ ပါဗျာ”

“မင်းတို့ က ခိုးရာလိုက်ပြေးတဲ့ အကြင်လင်မယား မဟုတ်ဘူး လား ”

“ဦးငွေးတောက်ရယ်...။ ကျွန်တော်က သူမကို မြင်ပါများ ၊ ရင်းနှီးပါများ လို့ တစ်ဖက်သတ် ချစ်ခဲ့တာပါ။ အမှန်က ရွှန်းရွှန်းက ကျွန်တော့်ကို နည်းနည်းမှ မချစ်ပါဘူး”

“ဒါဆို ဘာလို့ ခိုးရာလိုက်ပြေးကြတာတုံးဟ”

“သူမရဲ့ အရှက်တစ်ခုကြောင့် ကျွန်တော့်ကို ခုတုံးလုပ် အသုံးချသွားတာ။ ဒီအကြောင်းတွေ မသိချင်ပါနဲ့ တော့ဗျာ။ သူမလည်း သူမရဲ့ အကြောင်းတရားနဲ့ သူမ ကွယ်လွန်သွားခဲ့ပါပြီဗျာ။ သူမရဲ့ ဂုဏ်သိက္ခာကိုငဲ့ပြီး လျှို့ဝှက်ချက်ကို ကျွန်တော် မပြောပါရစေနဲ့ ။ ဒီဇာတ်၊ ဒီအလွမ်းကို ဒီနေရာမှာ ပဲ ပြည်ဖုံးကားချလိုက်ကြပါစို့”

“အေးပေါ့လေ။ ကံ ကံ၏ အကျိုးကို ကံပြုလုပ်သူသာ ခံစားကြရစမြဲ လို့ တို့ ဘုရားရှင် ဟော ထားသားပဲ။ ဒါနဲ့ မောင်စုန် မင်းကို ငါအံ့သြ

တယ် ငါ့လူရာ”

“ဘာဖြစ်လို့ ”

“မင်း ဒီအကြောင်းကို အတိအကျပြောနိုင်လို့ ကွ”

“နိမိတ်ကိုးဗျ။ အချို့နိမိတ်များက သက်ရောက်အားပြင်းတယ်။ အဲဒါကို ဂရုစိုက်နိုင်ရင် အန္တရာယ်ကင်းတာပါပဲလေ”

“မောင်စုန် မင်း ငါ့ကို ကတိပေးထားတာ ရှိသေးတယ်လေကွာ”

“ဘာများ ပါလိမ့်”

“မင်းမိန်းမကို သွားပြောပေးပြီးရင် လက်စွပ်တစ်ကွင်းရမယ် ဆိုတာလေကွာ”

“သြော်...ဒါလား။ လိုချင်လို့ လား”

“ဟ...လိုချင်တာပေါ့ကွ”

“စဏ္ဍာလနဲ့ ရွှေလက်စွပ်နဲ့ ဘာဆိုင်လို့ လဲဗျာ။ ခင်ဗျားကလည်း ..

“ငါ့လူရာ...ရွှေစငွေစလေးများ ရှိထားရင် ကုသိုလ်ကောင်းမှုပြုချင်လို့ ပါ မောင်ရာ။ စဏ္ဍာလ အလုပ်ကို ဘယ်သူလုပ်ချင်မှာ လဲကွာ။ အတိတ်ဘဝက ဒါန၊ သီလ၊ သမထ၊ ဘာဝနာ အားနည်းလို့ ခုဘဝမှာ အနိမ့်ကျဆုံးအလုပ်ကို လုပ်နေရသမို့လားကွာ။ ဒီဘဝမျိုး အထုံရေစက် နောင်မပါရ အောင် ခုဘဝ ကံသင့်တုန်းလေး ကုသိုလ်ကောင်းမှု လုပ်ချင်လို့ ပါ ”

“ဦးငွေးတောက်ရာ။ ဒီအလုပ်ကလည်း စေတနာထားပြီး လုပ်ရင် ကုသိုလ်ရတဲ့ အလုပ်ပါ။ ခင်ဗျား မရွံမရှာလုပ်ပေးတဲ့ စေတနာရဲ့ ကံအကျိုးကို ခင်ဗျားခံစားရတော့မှာ ပါ။ ကိုင်း...ခင်ဗျား အခု ဘာလုပ်ချင်လဲ”

“သံဃာငါးပါးလောက် ဆွမ်းကပ်ချင်တယ်ကွာ”

“ခင်ဗျား ဒီနေ့ကစပြီး ဘုရားရှိခိုးလို့ အဓိဋ္ဌာန်ဗျား။ သုံးရက်အဓိဋ္ဌာန် လိုက်။ သုံးရက်စေ့တဲ့ နေ့ ခင်ဗျား ရွှေလက်စွပ်တစ်ကွင်း ရလိမ့်မယ်”

“ဘယ်လိုလုပ်ရမှာ လဲ ငါ့လူရာ၊ ဟင်”

“အဓိဋ္ဌာန်ကိုသာလုပ်ဗျာ။ စိတ်ရော၊ ကိုယ်ပါလုပ်နော်”

“ရမှာ ပါနော်”

“ရမှာ ပေါ့ဗျ”

“ဘယ်နားက ရမှာ လဲဟင်”

“မြေကြီးထဲက”

ဒါနဲ့ စဏ္ဍာလကြီးဦးငွေးတောက် သုဿာန်ဇရပ်က ပုံလောင်းရုပ်ပွား ရှေ့မှာ သုံးရက်တိုင် တိုင် အဓိဋ္ဌာန်ဝင်၊ ဘုရားရှိခိုး၊ ပုတီးစိပ်နေလေရဲ့ ။ သံဃာ်တော်ငါးပါး ဆွမ်းဒါနပြုရသည့်ကုသိုလ် ရ ရပါလို၏ လို့ လည်း ဆုတောင်းအဓိဋ္ဌာန်လေရဲ့ ။

သုံးရက်စေ့သည့်နေ့မှာ နာရေးကိစ္စတစ်ခုအတွက် ကြာမြင့်လှပြီဖြစ် သည့် မြေပုံကျင်းအ ဟောင်းတစ်ခုကို ပြန်လည်တူးဖော်ခဲ့တယ်။

ပေါက်တူးတစ်ချက်မှာ ပစ္စည်းတစ်ခုကို သွားထိခတ်မိပါရော။ ပစ္စည်းက ဆွေးမြည့်လုအရိုး များ အကြားမှာ ခပ်ဝင်းဝင်းလေး။ အလို... ကောက်ယူပြီး မြေကြီးရွှံ့စေးများကို သုတ်သင်ဖယ်ရှား လိုက်ရော...

ကျောက်နီလက်စွပ်တစ်ကွင်း။

ဘုရားရေ။

အံ့ရောဟဲ့။

သူ လက်စွပ်ကိုကိုင်ပြီး တရားထိုင်နေတဲ့ မောင်စုန်ရှိရာကို ပြေးသွားလို့ လှုပ်နှိုးပြီး ပြလိုက် လေရဲ့ ။

"မောင်စုန်....မောင်စုန်"

"..........................."

"ခဏရပ်လိုက်ပါဦး မောင်စုန်"

"............................"

"ဒီ...ဒီမှာ ကြည့်စမ်း မောင်စုန်"

"ရပြီမဟုတ်လား"

""မင်း..မင်းပြောတဲ့ အတိုင်း ငါ..ငါ...ကျင်းဟောင်းထဲက လက်စွပ်တစ်ကွင်းရပြီ မောင်စုန်၊ သိလား။ ဝမ်းသာလိုက်တာ မောင်စုန်ရာ"

"ဦးငွေးတောက်"

"ဘာတုံး....ငါ့..ငါ့တူကြီးရာ..ဟင်...........ဟင်လို့ "

ပစ္စည်းရရော ချက်ချင်း အခေါ်အပြော ပြောင်းသွားသည် ။

"မြေပုံကျင်းထဲက ရွှေလက်စွပ်ရခဲ့ပြီဆိုတော့ မူလသေသူကိုပါ ရည်စူးပြီး ခင်ဗျားလှူချင်တဲ့ အလှူကို လှူပေတော့ ဦးငွေးတောက်ရေ"

"မောင်စုန်"

"ဘာတုံးဗျာ၊ ကျုပ် အလုပ်ပျက်မယ်ဗျ"

"ငါ...ငါ...မင်းလိုလူကို ထူးဆန်းလွန်းလို့ နာမည်အသစ်တစ်ခု ပေးချင်တယ် ငါ့တူရာ"

"ဘာနာမည်တုံးဗျ"

“မင်း မိုးကြိုးပစ်ခံရပြီး မြောနေတုန်းက မင်း နတ်ပြည်ရောက်ခဲ့တယ်လို့ ပြောသမို့လား”

“ဟုတ်တယ် ပြောဖူးတယ်”

“အဲဒီ အိပ်မက်စကားနဲ့ အညီ မင်းကိုလိုက်ဖက်တဲ့ နာမည်အသစ်ပေးချင်တာက နတ်မျက်စိ”

“ဘာဗျ..။ နတ်မျက်စိ ဟုတ်လား”

“အေး…ဒီနေ့ကစ မင်းကို နတ်မျက်စိမောင်စုန်လို့ ခေါ်တော့မယ် ငါ့လူရေ၊ ခေါ်တော့မယ် ကွ၊ ဟား….ဟား…ဟား…ဟား”

ရွှေကျီးညိုသချႋုင်းကုန်းသည် အနိဌာရုံရုံရပ်ဝန်းဖြစ်ပါသည် ။ သို့သော် သည် ရပ်ဝန်းမှာ လည်း သူတို့ စေတနာကံအကျိုးပေးများ နဲ့ စရဏအားကောင်းပြီး ကံပါကောင်းနေကြလေရဲ့ ။

ဒီနေ့ သချႋုင်းမှာ ငိုသံမကြားရပါ။

ရယ်မောသံများ နဲ့ ရွှန်းစိုဝင်းလက်နေသည် ။

နောင်အခါ နတ်မျက်စိမောင်စုန်၏ ထူးဆန်းအံ့ဖွယ် ဟောချက်။ ဖြစ်ချက်များကို ကျွန်တော် ဖြစ်ရပ်မှန်အတိုင်း ဆက်လက်ရေးသားသွားပါဦးမည်။ ။

**မောင်ညိုမှိုင်း(သန်လျင်)**

* * *